# တံခါးဖွင့်ပြုပြင်ပြောင်းလဲခြင်း၏အင်အားကို စိမ်းကျန့်မြို့မှတစ်ဆင့် တွေ့မြင်ခံစား

တရုတ်ကွန်မြူနစ်ပါတီနှင့် ကမ္ဘာ့နိုင်ငံရေးပါတီခေါင်းဆောင်များ အဆင့်မြင့်တွေ့ဆုံဆွေးနွေးအထူးခေါင်းစဉ်အစည်းအဝေးနှင့် ပထမအကြိမ်ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း နိုင်ငံရေးပါတီဖိုရမ်တို့သည်စိမ်းကျန်မြို့မှာ ပိတ်ပွဲပြီးစီးခဲ့ပြီဖြစ်သည်။ တံခါးဖွင့်ပြုပြင်ပြောင်းလဲမှုပေါ်လစီကျင့်သုံးသည့် အနှစ်(၄၀)ပြည့်အခါသမယတွင် နိုင်ငံခြားခေါင်းဆောင်များနှင့် နိုင်ငံတကာနယ်ပယ်အသီးသီးမှအကျော်အမော်ပုဂ္ဂိုလ်များတို့သည် တံခါးဖွင့်ပြုပြင်ပြောင်းလဲမှုစနစ် စတင်ခဲ့သည့်ပြတင်းပေါက်မြို့ဖြစ်သော စိမ်းကျန့်မြို့သို့ တဖွဲဖွဲရောက်ရှိလာကြာကာ အဆိုပါပေါ်လစီ၏အကျိုးရလဒ်များကို လေ့လာကြသည်။

တံခါးဖွင့်ပြီးသော စိမ်းကျန့်မြို့မှတစ်ဆင့် တရုတ်လူမျိုး၏နိုးထလာခြင်းကို ခံစားနိုင်သည်။ တံခါးဖွင့်ပြုပြင်ပြောင်းလဲမှုပေါ်လစီကျင့်သုံးမှသာ တရုတ်နိုင်ငံဖွံ့ဖြိုးနိုင်မည်ဖြစ်သည်။ ပါတီအထွေထွေအတွင်းရေးမှူးရှီကျင့်ဖျင်သည် တံခါးဖွင့်ပြုပြင်ပြောင်းလဲမှုသည် တရုတ်ပြည်သူပြည်သားတို့က ဖွံ့ဖြိုးမှုတီထွင်ဆန်းသစ်မှုနှင့် သာယာဝပြောသော လူနေမှုဘဝလိုလားမှုစသည့် သမိုင်းပေးလိုလားချက်များကို လိုက်လျောညီထွေခြင်းရှိနေပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူလူထုတို့၏ဖွံ့ဖြိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့်ငြိမ်းချမ်းသာယာသောဘဝရယူလိုသည့် ခေတ်ရေစီးကြောင်းနှင့် လည်းကိုက်ညီနေပါကြောင်း၊ ဆင်းရဲမွဲတေခြင်းနှင့်တံခါးပိတ်ခြင်းတို့သည် ဆိုရှယ်လစ်စနစ်အစစ်မဟုတ်ပါကြောင်းစသည်များဖြင့် လမ်းညွှန်တင်ပြသွားပါသည်။

တံခါးဖွင့်ပြီးသော စိမ်းကျန့်မြို့မှတစ်ဆင့် တရုတ်လူမျိုး၏အင်အားကို ခံစားနိုင်ပါသည်။ တံခါးဖွင့်ပြုပြင်ပြောင်းလဲခြင်းသည် တရုတ်တစ်နိုင်ငံလုံးပြည်သူလူထုတစ်ရပ်လုံး၏ ပန်းတိုင်လုပ်ငန်းပင်ဖြစ်သည်။ ပြုပြင်ပြောင်းလဲခြင်း၏ ပင်မထုဖြစ်သော တရုတ်ပြည်သူလူထုသည် မိမိအင်အားဖြင့်ခန့်ညားသော၊ သမိုင်းဝင်နိုင်သောကဗျာကို ရေးသားခဲ့ကြပါသည်။ ပါတီအထွေထွေအတွင်းရေးမှူးရှီကျင့်ဖျင်ကညွှန်ပြသွားသည်မှာ -ဤကဲ့သို့သော ကြီးမြတ်သည့်ပြည်သူလူထုရှိမှသာ ကျွန်တော်တို့သည် အခက်အခဲအားလုံးကိုကျော်လွှားနိုင်သည့် အခြေခံအင်အားကိုရရှိနေသည်၊ တံခါးဖွင့်ပြုပြင်ပြောင်းလဲခြင်းသည် ပြည်သူလူထုတို့၏ဆန်းသစ်တီထွင်သည့်စိတ်ဓါတ်ကို နိုးကြားစေလာသည်၊ သမိုင်းကိုရှေ့သို့ချီတက်စေသည့် သူရဲကောင်းအစစ်အမှန်များကို ထွက်ပေါ်လာစေသည်။




တံခါးဖွင့်ပြီးသော စိမ်းကျန့်မြို့မှတစ်ဆင့် တရုတ်လူမျိုး၏ ခိုင်မာသောယုံကြည်ချက်ကိုခံစားနိုင်ပါသည်။ တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်ပြည်သူလူထုအားဦးဆောင်ကာ တံခါးဖွင့်ပြုပြင်ပြောင်းလဲခြင်းကို စည်းလုံးညီညွတ်စွာဆောင်ရွက်ခဲ့ပြီး သမိုင်းဝင်သည့်အောင်မြင်မှုများကို တစ်ခုပြီးတစ်ခုဆွတ်ခူးရယူနိုင်ခဲ့ပါသည်။ ပါတီအထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်သည် ပါတီ၏ဦးဆောင်မှုကို စွဲမြဲစွာထိန်းသိမ်းရကြောင်း၊ ပါတီကိုတင်းကျပ်စွာစီမံခန့်ခွဲရကြောင်း၊ အဆိုပါအချက်နှစ်ရပ်သည် တံခါးဖွင့်ပြုပြင်ပြောင်းလဲမှုအောင်မြင်မှုရယူနိုင်ခြင်းအတွက် အရေးကြီးဆုံးသော့ချက်နှင့်အခြေခံအုတ်မြစ်ဖြစ်ကြောင်းစသည်များဖြင့် လမ်းညွှန်သွားပါသည်။

တံခါးဖွင့်ပြီးသော စိမ်းကျန့်မြို့မှတစ်ဆင့် တရုတ်လူမျိုး၏အိပ်မက်ကို နားလည်နိုင်သည်။ တံခါးဖွင့်ပြုပြင်ပြောင်းလဲခြင်းသည် တရုတ်အမျိုးသားပြန်လည်နလံထူနိုးကြားထကြွရာတွင် မလွဲမသွေလိုက်ရမည့်လမ်းစဉ်ပင်ဖြစ်သည်။ ပါတီ၏(၁၈)ကြိမ်မြောက်ပြည်လုံးကျွတ်ညီလာခံအပြီးမှာပါတီအထွေထွေအတွင်းရေးမှူးရှီကျင့်ဖျင်က စိမ်းကျန့်မြို့သို့ချက်ချင်းရောက်ရှိလာခဲ့ကာ လျန်းဟွား(ကြာပန်း)တောင်ပေါ်မှာ မားမားမတ်မတ်ရပ်နေသည့် တိန့်ရှောက်ဖိန်၏ကြေးရုပ်ကြီးအရှေ့တွင် ဂတိသစ္စာဆိုခဲ့ပါသည်။ သူသည် တံခါးဖွင့်ပြုပြင်ပြောင်းလဲမှုကို ခိုင်မာစွာကျင့်သုံးပါမည်ဖြစ်ကြောင်း၊ တံခါးဖွင့်ပြုပြင်ပြောင်းလဲခြင်းနှင့် ခေတ်မီတည်ဆောက်ရေးတို့ကို အောင်မြင်မှုရရှိအောင်ကြိုးပမ်းကာ ထိုးဖေါက်မှုအသစ်များ၊ အောင်မြင်မှုအသစ်များရရှိနိုင်အောင် အကောင်အထည်ဖော်ဆောင်မည်ဖြစ်ကြောင်းစသည်များဖြင့် ဂတိသစ္စာပြုခဲ့ပါသည်။

တံခါးဖွင့်ပြီးသော စိမ်းကျန့်မြို့မှတစ်ဆင့်ခေတ်သစ်ကာလတွင် တရုတ်ပြည်၏အကြောင်းကို နားလည်နိုင်သည်။ ဤနေရာမှာ တံခါးဖွင့်ပြုပြင်ပြောင်းလဲမှု၏ပုံပြင်အကြောင်းအရာများကိုပြောကြားလျှင် ခေတ်သစ်တံခါးဖွင့်ပြုပြင်ပြောင်းလဲခြင်းမှထွက်ပေါ်လာသည့် ခိုင်မာသည့်ဆုံးဖြတ်ချက်နှင့်ယုံကြည်ချက်များကို ပိုမိုခိုင်မာစေနိုင်မည်ဖြစ်သည်။ နိုင်ငံအသီးသီးနှင့်လည်း ပြုပြင်ပြောင်းလဲခြင်း၏အတွေ့အကြုံနှင့် အခွင့်အလမ်းကောင်းများကိုအတူမျှဝေနိုင်သည်။ ထို့ပြင်၊ ဖွံ့ဖြိုးတိုးတက်မှုဘက်တွင် အခြားနိုင်ငံနှင့်အတူပူးပေါင်းဆောင်ရွက်နိုင်ပြီး ကံကြမ္မာတူအသိုင်းအဝိုင်းတည်ထောင်ခြင်းအပေါ်လည်း အတူတကွ တွန်းအားပေးဆောင်ရွက်နိုင်သည်။

ပြည်သူ့နေ့စဉ်သတင်းစာ




# နိုင်ငံခြားသားမျက်လုံးထဲမှတရုတ်နိုင်ငံ၏တံခါးဖွင့်ပြုပြင်ပြောင်းလဲခြင်း

ပြီးခဲ့သည့်အနှစ်(၄၀)အတွင်း တရုတ်နိုင်ငံသည် ကြီးမားသည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် အောင်မြင်မှုရလဒ်များကို ရရှိနိုင်ခဲ့သည်။ နိုင်ငံခြားသားအများ၏မျက်လုံးထဲမှာ တံခါးဖွင့်ပြုပြင်ပြောင်းလဲမှုပေါ်လစီကြောင့် တရုတ်နိုင်ငံအားကြီးမားသောပြောင်းလဲခြင်းကို ဖြစ်ပေါ်စေကာ နိုင်ငံအင်အားတောင့်တင်းပြီးပြည်သူအင်အားကြီးထွားလာစေခဲ့ပါသည်။

အမေရိကန်မှ ခန်ထားလူပေါက ပြောကြားသည်မှာ တရုတ်နိုင်ငံ၏တံခါးဖွင့်ပြုပြင်ပြောင်းလဲမှုပေါ်လစီကြောင့်ပင် သူက (၁၉၈၆)ခုနှစ်ဒီဇင်ဘာလမှာ တရုတ်နိုင်ငံသို့ လာရောက်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုစဉ်ကသူ့အသက်(၂၅)နှစ်သာရှိရာ ထိုအချိန်မှစတင်ပြီး သူသည် တရုတ်နိုင်ငံတွင် အခြေချနေထိုင်ခဲ့ကြောင်း၊ ပြီးခဲ့သည့် အနှစ်(၄၀)ကာလကို ပြန်ပြောင်းကြည့်လျှင် တရုတ်နိုင်ငံသည် ပြောင်းလဲမှုအများကြီးရှိခဲ့ရာ အဖက်ဖက်မှာသိသာထင်ရှားစွာဖြစ်ထွန်းလာသည်ဟု မြင်တွေ့ခဲ့ပါကြောင်းစသည်ဖြင့် သူသည် ပြောကြားသွားပါသည်။ “ကျွန်တော်က တရုတ်ပြည်စရောက်တဲ့အခါမှာ လူအများဟာ အင်္ကျီအဖြူ မီးခိုးရောင် ဒါမှမဟုတ်အပြာရောင်အနွေးထည်များကိုပဲ ဝတ်ဆင်ထားပြီး အရောင်မွဲနေပါတယ်။ ဘေးပတ်ဝန်းကျင်မှာလည်း တိုက်ကြီးတွေမရှိသေးပါဘူး။ ဂရိတ်ဝေါလ်ဟိုတယ်နေရာမှာဆို မြေရိုင်းတွေပဲရှိနေသေးတယ်။”ဟု သူသည် ဆက်လက်ပြောကြားခဲ့သည်။

တံခါးဖွင့်ပြုပြင်ပြောင်းလဲမှုပေါ်လစီ အဆက်မပြတ် ကျင့်သုံးလာပြီးသည့်နောက် တရုတ်နိုင်ငံ၏စီးပွားရေးသည် ပိုမိုပြီးဖွံ့ဖြိုးတိုးတက်လာသည်။ “အခုဆိုရင် ကျွန်တော်က စန်းလီထွန်းကို လမ်းလျှောက်ထွက်ရင် လူတွေရဲ့အဝတ်အစားတွေက ခေတ်မီလှပြီး အရောင်စုံလင်နေတယ်လေ။” ဟု ခန်ထားလူပေါက ပြောကြားပါသည်။

တရုတ်နိုင်ငံအနေနှင့် ဖွံ့ဖြိုးနေသည့် လက်ရှိအခြေအနေကို ဆက်လက်ထိန်းသိမ်းသွားလျှင် ပြည်သူလူထု၏လူနေမှုဘဝသည် ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတော်အစိုးရသည် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကိုရည်ရွယ်ပြီး ကြိုးပမ်းအားထုတ်သည့်အတွက်ကြောင့်ပင် တရုတ်နိုင်ငံက ပိုမိုကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေနိုင်ခြင်းဖြစ်ပါကြောင်းစသည်ဖြင့် ခန်ထားလူပေါကသည် သူ၏ယူဆချက်ကို ပြောကြားသွားပါသည်။

အီကွေတိုနိုင်ငံမှအန်တိုနီက ပြောကြားသည်မှာ-လွန်ခဲ့သည့်အနှစ်(၄၀)အတွင်း တရုတ်နိုင်ငံသည် ပိုမိုပြီးတံခါးဖွင့်လှစ်လာခဲ့ပါကြောင်း၊ တရုတ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုသည် မိမိနိုင်ငံ၏ပြည်သူများအတွက်သာမက အခြားနိုင်ငံ၏ပြည်သူလူထုများကိုပါအကျိုးထူးစေပါကြောင်း စသည်များဖြင့်ပြောကြားသွားပါသည်။

အန်တိုနီက ယူဆထားသည်မှာ- တရုတ်နိုင်ငံ၏ တံခါးဖွင့်ပြုပြင်ပြောင်းလဲမှုပေါ်လစီသည် အီကွေတိုနိုင်ငံကိုလည်း အကျိုးရှိစေပါသည်။ ယင်းပေါ်လစီကြောင့်ပင် အီကွေတိုနိုင်ငံသည် တရုတ်နိုင်ငံနှင့် နီးကပ်စွာ ချိတ်ဆက်နိုင်ခြင်းပင်ဖြစ်သည်။ သူက တရုတ်နိုင်ငံမှာ နေရေးထိုင်ရေးသည် အလွန်အဆင်ပြေလှပါသည်။ ဥပမာ- အတူမျှဝေစက်ဘီး၊ မိုဘိုင်းလ်ငွေရှင်းခြင်းစသည်တို့သည်လူနေမှုဘဝကို အကျိုးထူးစေပါသည်။

ဂျာမဏီမှလာသော ကျူဟာအော်ကပြောကြားသွားသည်မှာ “ယခုဆိုလျှင် တရုတ်နိုင်ငံ၏စီးပွားရေးမှာ ကမ္ဘာ့ရှေ့တန်းသို့ရောက်ရှိနေရာ ဖွံ့ဖြိုးတိုးတက်မှုမှာသိသာလှပါကြောင်း၊ နောင်အနာဂတ်နှစ်(၂၀)ကြာလျှင် တရုတ်နိုင်ငံ၏စီးပွားရေးသည် ကမ္ဘာ့ပထမနေရာသို့ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံ၏သိပ္ပံနည်းပညာလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေပါကြောင်း၊ ဥပမာ-လက်ကိုင်ဖုန်း၊ မောင်းသူမဲ့လေယာဉ်စသည့် ထုတ်ကုန်ပစ္စည်းသည် ကမ္ဘာမှာ ရှေ့ဆောင်ရှေ့ရွက်နေရာမှာရောက်နေပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် တရုတ်ထုတ်လုပ်ခြင်းအဆင့်မှ တရုတ်တီထွင်ခြင်းအဆင့်သို့ ကူးပြောင်းနေပြီဖြစ်ကြောင်း၊ ဤသည်မှာ ကြီးမားသောတိုးတက်မှုပင်ဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားသွားပါသည်။

တရုတ်နေ့စဉ်သတင်းစာ